# Welcome to TOKUSHIMA!

Tokushima မှ
ကြိုဆိုပါတယ်



















TOKUSHIMA

取材日：社会福祉法人 敬老福祉会 特別養護老人ホーム ピア 2023年10月11日
介護老人保健施設 名月苑 天満病院グループ 2023年10月12日
発行日：2024年3月31日

TOKUSHIMA POINT

မြို့ကြီးတွေထက်တိတ်
ဆိတ်ငြိမ်းနေထိုင်ရ
အဆင်ပြေတယ်!

TOKUSHIMA POINT

အရသာရှိတဲ့အရာဒေ
တွအများကြီးရှိ
တယ်!

T OKUSHIMA POINT

လှ ပတဲ့ပင်လယ်နဲ့
သ ဘာဝတွေလည်း
အ များကြီးရှိတယ်!

# Japan Tokushima မှာ
# အိပ်မက်တွေ ပြည့်ဝစေမလား

ဂျပန်နိုင်ငံ Shikoku ဒေသ အရှေ့ဘက်ပိုင်းတွင်တည်ရှိပြီး သာယာတဲ့ပင်လယ်နဲ့ လှပတဲ့အစိမ်းရောင်
တောင်တန်းများဝန်းရံလျက်ရှိတဲ့ ခရိုင် ။
အရသာရှိသောပင်လယ်စာနှင့်တောင်ပေါ်အစားစာ၊
Narutoရေဝဲကြီး၊နိုင်ငံခြားမှာ ရေပန်းစားနေသောမြင်ကွင်းနှင့်
စူးစမ်းလေ့လာဖွယ်နေရာများ။
နွေရာသီမှာဆို ဂျပန်ကိုယ်စားပြု ရိုးရာကပွဲဖြစ်တဲ့「Awa Odori」!
ဒီဒေသက Tokyo, Osaka မြို့ကြီးတွေမှာမရှိတဲ့မ ဆွဲဆောင်မှုတွေများစွာနဲ့ ပြည့်နှက်နေပါတယ်။
အခုလိုမျိုးဖြစ်နေတဲ့ Tokushima ရဲ့ Kaigo လုပ်ငန်းနယ်ပယ်မှာ ကျွန်ုပ်တို့နဲ့အတူ လက်တွဲအလုပ်လုပ်မလား..
နောက်ပြီး သင့်ရဲ့ ဂျပန်စာနဲ့ Kaigo စွမ်းရည်ကိုတိုးတက်အောင်လုပ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်ကို မြင့်
တင်လိုပါသလား။
Tokushima ခရိုင်အနေနဲ့ အားသွန်ခွန်စိုက် နိုင်ငံခြားမှလာသူများ၏ အိပ်မက်များကို အကောင်ထည်ဖော်နိုင်
အောင် ကူညီအားပေးမှာပါ။

TOK USHIMA POINT

ရှု့ခင်း၊ ထူးဆန်းတဲ့နေရာ၊
နာမည် ကြီးနေရာတွေနဲ့
လည်ပ တ်ကြည့်ရှု့လို့ရတဲ့
နေရာ အများကြီးရှိတယ်!

TOK USHIMA POINT

ရာ သီဥတုသာ
ယာပြီ းနေထိုင်လို့
အရမ် းကောင်း တယ်!

TOKUSHIMA POINT

အားလုံးအတူ
ကကြယ်..
ကကြမယ်!

TOKUSHIMA POINT

သန့်ရှင်းတဲ့လေ၊
ကြည့်လင်တဲ့ရေလည်းရှိလို့
အရမ်းမိုက်!

T OKUSHIMA POINT

K yoto, Osaka
တို့နဲ့ လည်း နီးတယ်!

# Welcome to TOKUSHIMA!

| | |
|---|---|
| Tokushima ခရိုင်၏တည်နေရာ | Tokushimaမြို့ |
| အကျယ်အဝန်း | 4,146.99 စတုရန်းကီလိုမီတာ |
| လူဦးရေ | 695,45 0ယောက် |
| ပျမ်းမျှအပူချိန် | 17.1℃ (2018ခုနှစ်) |
| မိုးရေချိန် | 1,760.0မီလီမီတာ (Tokushimaမြို့) |









ဂျပန်စာကိုဖိုကြိုးစားပြီး Care Worker ဖြစ်အောင်!
အနာဂတ်မှာ မြန်မာမှာ လူနာနဲ့ သက်ကြီးစောင့်ရှောက်ရေးအလုပ်ကို စတင်လုပ်ကိုင်ချင်တယ်။



**Kyaw Thiha**
KEIRO FUKUSHIKAI

ဂျပန်ရောက်တာတစ်နှစ်ခန့်ရှိပြီး အလုပ်ရော၊ နေထိုင်ရေးမှာရော နေသားကျလာပါပြီ။ အလုပ်အတူလုပ်တဲ့သူတွေကလည်း သဘောကောင်းကြပြီး၊ နားမလည်တာရှိရင်လည်း သင်ပြပေးတဲ့အတွက် အဆင်ပြေပါတယ်။ လာရောက်နေထိုင်သူ သက်ကြီးလူနာတွေလည်း သဘောကောင်းစွာဆက်ဆံပေးတဲ့အတွက် အလုပ်ကပင်ပန်းတာရှိပေမဲ့ နေ့တိုင်းပျော်ပါတယ်။
မြန်မာသူငယ်ချင်းနဲ့လည်း Awa odori ကပွဲကိုလည်း အတူသွားလည်ခဲ့တယ်။ Tokushimaရဲ့ ရာသီဥတုကလည်း သာယာတယ်လေ။
အခုကစပြီးရည်မှန်းချက်ကတော့ ဂျပန်စာကို ပိုလေ့လာပြီး N2 လက်မှတ်ရအောင်ယူမယ်။ နောက်ပြီး Care worker ဖြစ်အောင်ကြိုးစားမယ်။ အနာဂတ်မှာ မြန်မာပြည်ကိုပြန်ပြီး လူနာနဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအလုပ် လုပ်ဖို့ တွေးထားပါတယ်။




လူနာတွေဆီက ဂျပန်လို「Aarigatou」ကျေးဇူးပါ လို့ဆိုတဲ့ စကားကြားရရင် ပျော်တယ်။
Tokushima မြေမှာ Kaigo ပညာကို လေ့လာချင်တယ်။



**Pahamotang Ian Dave Ulla**
TENMA HOSPITAL

ဖိလစ်ပိုင်မှာတုန်းက အဖိုး မကွယ်လွန်ခင် တစ်နှစ်လောက် ပြုစုစောင့်ရှောက်ခဲ့တယ်။ အဲဒီတုန်းက Kaigo ပညာကို ပိုလေ့လာခဲ့ချင်တယ်။ ဒီကိုရောက်တာ ခြောက်လနီးပါးရှိပြီ၊ ဖိလစ်ပိုင် Senior တွေနဲ့ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေက အများကြီးသင်ပေးခဲ့လို့ အလုပ်မှာ နေသားကျလာခဲ့ပါတယ်။လူနာတွေက နေ့တိုင်း ပြုံးပြကြပါတယ်။လူနာတွေဆီက
အမြဲတမ်း ကျေးဇူးပါနော် ဆိုတဲ့စကားကို ကြားရတဲ့အခါဆိုရင် အရမ်းပျော်တယ်။
Tokushima က လှပတဲ့ ပင်လယ်နဲ့ တောင်တန်းတွေရှိပြီး အရမ်းတိတ်ဆိတ်ငြိမ်သက်တဲ့ နေရာပါ။
လူတွေ သဘောကောင်းကြပြီး အရသာရှိတဲ့အရာတွေအများကြီးရှိတဲ့ သဘောကျပါတယ်။ နွေဦးရောက်ရင် ဆာကူရာပန်းတွေသွားကြည့်ချင်တယ်။



# အရမ်းသဘောကျတဲ့ Tokushima မှာ သူတို့အားလုံး ကြိုးစားနေကြတယ်



တစ်နိုင်ငံလုံးအနေအထားနဲ့လုပ်သားလုံလောက်မှုမရှိတဲ့ Kaigo လုပ်ငန်းနယ်ပယ်။နိုင်ငံခြားသားများကို အလုပ်ခန့်ခြင်းမှာလည်းထိုသို့ အရေးပါသောအရာကို ဖြေရှင်းနည်းထဲက တစ်ခုပါ။
အခုကတော့ မြန်မာနဲ့ ဖိလစ်ပိုင်မှ Tokushima ကိုရောက်လာသော Kaigo ဝန်ထမ်း 4 ယောက် ထံမှ မေးမြန်းသိရှိခဲ့ရတာတွေ ဖြစ်ပါတယ်။




Naruto ရေဝဲကြည့်ချင်လို့ Tokushima ကိုသွားခဲ့တာ.
ရည်မှန်းချက်ကတော့ ဂျပန်စာနဲ့ Kaigo ကိုသင်ပေးတဲ့ ဆရာမဖြစ်ဖို့ပါ။



**Thazin Htet Htet Aung**
KEIRO FUKUSHIKAI

မြန်မာမှာ နာမကျန်းဖြစ်နေတဲ့ အဖွားကိုစောင့်ရှောက်ရင်း Kaigo အလုပ်ကို စိတ်ဝင်စားလာပြီး ဂျပန်မှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Naruto ရေဝဲကြီးတွေကို
ကြည့်ချင်တာမို့ Tokushima ကို ရွေးချယ်ခဲ့ပါတယ်။ ဂျပန်ကိုရောက်တာ လေးလပဲရှိပြီး ပထမတော့ ဂျပန်စကားမကျွမ်းကျင်သေးတာမို့ စိတ်ပူခဲ့ပေမဲ့ မြန်မာလူမျိုး Senior က သဘောကောင်းစွာသင်ပြပေးတဲ့အတွက်
အလုပ်လည်းအဆင်ပြေလာခဲ့ပါတယ်။လာရောက်နေထိုင်သူလူနာများကလည်း နွေးထွေးပြီး လေ့ကျင့်ခန်းအတူတူလုပ်ရင်း စကားပြောရင်း ပျော်ရွှင်စရာကောင်းခဲ့ပါတယ်။
အခုကတော့ ဂျပန်စာကို ပိုလေ့လာပြီး ဂျပန်စာ/စကားပိုကောင်းအောင် လုပ်ချင်တယ်။ အနာဂတ်မှာ ကိုယ့်နိုင်ငံကို ပြန်လာပြီး ကျောင်းမှာ ဂျပန်စာနဲ့ Kaigo ပညာကို သင်ပေးချင်ပါတယ်။




အရင်ကတည်းက Anime ကာတွန်းတွေကို ကြိုက်နှစ်သက်ခဲ့ပြီး မျှော်လင့်တောင့်တဖူးတဲ့ ဂျပန်ကိုရောက်လာခဲ့တယ် ။
နောင်လည်း ဝမ်းမြောက်ပျော်ရွှင်စေဖို့ သေချာစွာစောင့်ရှောက်သွားပါမယ်။



**Esatam Acaylar Marcky Bhrayle**
TENMA HOSPITAL

ဂျပန် Anime နဲ့ ယဉ်ကျေးမှုကို နှစ်သက်ပြီး ဂျပန်ကို လာချင်နေတာ ကြာပါပြီ။ အခုလိုမျိုး အကောင်ထည်ဖော်နိုင်တဲ့အတွက်လည်း အရမ်းပျော်ပါတယ်။ အလုပ်က ပင်ပန်းပေမယ့် နာမကျန်းသူတွေကိုပျော်ရွှင်အောင်လုပ်ပေးရတဲ့
အတွက်ပျော်ပါတယ်။နောင်လည်းသေချာ
စွာစောင့်ရှောက်သွားချင်ပါတယ်။ Seniorတွေလည်းသဘောကောင်းကြပြီး၊ အချိန်ရရင်လည်းအမျိုးမျိုးသော အကြောင်းအရာတွေ ပြောဖြစ်ပါတယ်။
တိုကျိုလိုနေရာမျိုးတွေနဲ့ယှဉ်ရင် Tokushima မှာနေထိုင်တာကပိုဈေးသက်သာတယ်လို့ ထင်ပါတယ်၊ ပတ်ဝန်းကျင်က တိတ်ဆိတ်ပြီး နေထိုင်ရအဆင်ပြေပါတယ်။ ခွင့်ရက်ရရင်တော့ Tokushima မှာရှိတဲ့ Kazurabashi ၊ တခြားနေရာဆိုရင်တော့ Akihabara ကို သွားကြည့်ချင် ပါတယ်။

# အားလပ်ချိန်တွေ အများကြီးရှိပြီး Tok ushima မှာ ပျော်ပျော်ပါးပါးနေတယ်။

နေထိုင်ဖို့ နေရာတွေကိုလည်း ပြင်ဆင်ပေးပါတယ်။ ရောက်ခါစမြို့ဖြစ်လည်းပဲ လိုအပ်တဲ့ အိမ်သုံးပစ္စည်းများနှင့် ဆက်သွယ်ရေးကိရိယာများလည်း အသေအချာပြင်ဆင်ပေးထားတဲ့အတွက် စိတ်ပူစရာမလိုပါ ။ Tokushima ရဲ့ စိတ်ဝင်စားဖွယ်ဆွဲဆောင်မှုရှိတဲ့အရာတွေကို ရှာဖွေကြည့်ပါ...

## ENJOY! 01



### နာမည်ကြီးနေရာတွေကို သွားကြည့်ချင်တယ်!

Naruto ရဲ့ ရေဝဲတွေကို ကြည့်ချင်လို့
Tokushima မှာအလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။
သွားရဖို့ အရမ်း မျှော်လင့်နေပါတယ်။

## ENJOY! 02



### အတူတူချက်ပြုတ်တဲ့ စားစရာတွေကလည်း အရသာရှိတယ်!

မြန်မာက သူငယ်ချင်း 5 ယောက်နဲ့ အဆောင်မှာ
နေတယ်။အားလုံးနဲ့ညစာအတူတူချက်စားကြတယ်။
ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ တကယ့်
မွေးရပ်မြေက အရသာအတိုင်းပဲ!

## ENJOY! 03




### ဒီမြို့မှာနေရတာ နေသားကျလာပြီ!

တစ်ခါတလေ မြို့ထဲသွားပြီး
ဈေးဝယ်ထွက်တယ်။
Tokushima ဘူတာအနီးမှာဆို လိုအပ်တဲ့
အရာမှန်သမျှ အတော်အများရှိပါတယ်!

## ENJOY! 04



### Tokushima မှာ ပိုပြီးပျော်ပျော်ပါးပါးနေချင်တယ်!

မြန်မာသူငယ်ချင်းတွေနဲ့အတူသွားခဲ့တဲ့
Awa Odori ကပွဲ ။
ပျော်ရွှင်စရာ နွေရာသီ အမှတ်တရများစွာ။
နောက်နှစ်လည်း သေချာပေါက်ထပ်သွားမယ် ။

INTERVIEW

# နိုင်ငံခြားမှလုပ်သားဝန်ထမ်းများဖြင့် လုပ်သားရှားပါးမှုကို ဖြေလျှော့နိုင်ခဲ့တယ်။ Kaigo အလုပ်လုပ်တာရော၊ Tokushima မှာ နေရတာရော လိုက်လျောညီထွေမှုရှိအောင် နေတတ်ကြပါတယ် ။



Social Welfare Corporation
Keiroufukushikai
Special Nursing Home for the Elderly Pia

Facility Manager **Miwa Kimura**



## အလုပ်ခွင်မှာလည်း အဆင်ပြေနေသားကျအောင်ကြိုးစားကြပြီး ၊ နိုင်ငံခြားသားဝန်ထမ်းခန့်ဖို့အတွက် လည်း စိတ်မပူတော့ဘူး ။

လွန်ခဲ့တဲ့ သုံးနှစ်ခန့်ကစပြီး နိုင်ငံခြားသားတွေကို စတင်လက်ခံခဲ့တယ်။ လက်ရှိကုမ္ပဏီတွင် မြန်မာလူမျိုး 4ယောက်အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။




ဝင်ပေါက်မှာ မြန်မာဘာသာဖြင့်ကြိုဆိုသည့်စာတန်း !

အစပထမခန့်တာက ဗီယက်နမ်လူမျိုးဖြစ်ပြီး ဂျပန်ဝန်ထမ်းတွေနဲ့ ဆက်ဆံရေး အဆင်ပြေပါ့မလား၊ ကြာကြာရှေ့ဆက်နိုင်ပါ့မလားဆိုပြီး စိတ်ပူမိပေမယ့် မျှော်လင့်ထားတာထက် နေသားကျအဆင်ပြေခဲ့ပါတယ်။ အဲဒီလို အတွေ့အကြုံရှိလို့ ဒီတခေါက်လည်း မြန်မာလူမျိုးတွေကို လက်ခံဖို့ကိစ္စ သိပ်စိတ်မပူတော့ပါဘူး။ အစပိုင်းမှာတော့ လာရောက်နေထိုင်သူ လူနာတွေက တွန့်ဆုတ်နေမယ်လို့ ထင်ခဲ့ပေမယ့် ကိုယ်ကအစပြုပြီး ကြင်ကြင်နာနာ ဆက်ဆံတဲ့အတွက်သူတို့လည်းရင်းနှီးပွင့်လင်းစွာဆက်ဆံပြောဆိုလာကြတယ်။ ဂျပန်လူမျိုးဝန်ထမ်းတွေလိုပဲ ရင်းနှီးစွာ ဆက်ဆံကြတယ်။

## နွေရာသီမှာဆို Awa Odori ကပွဲ! Tokushima မှာနေပြီး ပျော်စေချင်တယ်

မြန်မာလူမျိုးတွေရဲ့ စရိုက်က ရက်တတ်တယ်။ ဂျပန်လူမျိုးနဲ့စရိုက်တူတဲ့နေရာလည်း ရှိတဲ့အတွက် လူနာသည့်သည်တွေအနေနဲ့ ထူးဆန်းနေသလိုမဖြစ်နေပဲ ရင်းနှီးကျွမ်းဝင်လွယ်မယ်လို့ ထင်ပါတယ်။ အားလုံးက ရိုးသားတည်ကြည်ပြီး ၊ အလုပ်နဲ့ ပတ်သက်ပြီးသင်ယူမှတ်သားတာလည်း မြန်ပြီး၊ ဂျပန်စာတွေလည်း လိုက်မှတ်ကြတယ်။ ဒီဘက်ဒေသရဲ့ ဒေသိယစကား တွေလည်း လည်းနားလည်လာကြပြီး လူနာသည့်သည်တွေနဲ့ လည်း စကားပြောရာမှာ တစ်စုံတစ်ရာပြဿနာမရှိပဲ အဆင်ပြေစွာလုပ်နိုင်ကြပါတယ်။ Tokushima မှာ နေတာနေသားကျလာပုံရပြီး နွေရာသီမှာလည်း လုပ်ဖော်ကိုင်ဖက် မြန်မာသူငယ်ချင်းတွေနဲ့ Awa Odori ကပွဲတွေလည်း သွားကြတယ်လို့ ဆိုတယ်။ ယခုအချိန်အထိ ကိုရိုနာရောဂါကူးစက်မှုအခြေအနေအရ ကန့်သတ်ချက်များရှိလို့ Tokushima မှာရှိတဲ့ ခရီးသွားလည်ပတ်ဖို့နေရာများကို လည်ပတ်ရန် အခက်အခဲရှိခဲ့သော်လည်း အခုကနေစပြီး အဲလိုနေရာမျိုးကို တဖြည်းဖြည်းနဲ့ ပြန်လည်သွားလာလည်ပတ်လို့ ရနိုင်ဖို့လည်း မျှော်လင့်မိတယ်။

## အနာဂတ်မှာ နိုင်ငံခြားသားခေါင်းဆောင် တစ်ယောက်အနေဖြင့် အလုပ်လုပ်နိုင်ဖို့ မျှော်လင့်တယ်!

မြန်မာလူမျိုး ဝန်ထမ်းတွေထဲမှာ အလုပ်ထဲရောက်တာ အကြာဆုံးဖြစ်တဲ့ Kyaw ဖြစ်ပြီး ဂျပန်ကိုရောက်တာလည်း 1 နှစ်ခန့်ရှိပါပြီ။ သူကတော့ မြန်မာဝန်ထမ်းတွေထဲမှာ ခေါင်းဆောင် တစ်ယောက်လိုမျိုး ဖြစ်နေပြီး၊ တခြားသုံးယောက်ကို လည်း အလုပ်လုပ်နိုင်အောင် ဆွဲခေါ်လမ်းညွှန်ပေးလျက်ရှိပါတယ်။ နောက်ပြီး Kaigo ပညာ၊ ဂျပန်စာအပြင် နေ့စဉ်ဘဝမှာလည်း ခေါင်းဆောင်တစ်ယောက်အနေဖြင့်လည်း ကြည့်ရှုစောင့်ရှောက်ပေးပါတယ်။ သူက အလွန်ရိုးသားပြီး၊ ပတ်ဝန်းကျင်အခြေအနေကိုကြည့်ကာ သူဘာလုပ်သင့်လဲဆိုတာကို ဆုံးဖြတ်နိုင်စွမ်းရှိပုံရတယ်။
နောက်ပိုင်း ညဆိုင်းအလုပ်ပါလုပ်နိုင်လာဖို့ မျှော်လင့်တယ်။ အဲဒီအတွက် မှတ်တမ်းရေးမှတ်နိုင်စွမ်းနဲ့ဂျပန်စာရေးနိုင်စွမ်းကို ပိုမိုမြင့်တက်လာအောင် ကြိုးစားစေချင်တယ်။ ဂျပန်အစိုးရအသိမှတ်ပြု Care Worker တစ်ယောက်ဖြစ်ဖို့ ရည်မှန်းထားတာမို့လို့ အဲဒီလက်မှတ်ကိုလည်း ကြိုးစားပြီး ရအောင် ယူစေချင်တယ်။
နောက်ပိုင်းမှာလည်း နိုင်ငံခြားသားအလုပ်သမားတွေများလာအောင် လုပ်ဖို့စဉ်းစားထားပြီးနိုင်ငံခြားသားခေါင်းဆောင် တစ်ယောက်အနေနဲ့ပါဝင်ဆောင်ရွက်ဖို့ မျှော်လင့်နေပါတယ်။



မနက်ပိုင်းအစည်းအဝေးကို ဂျပန်လိုဖြင့် တစ်နေ့တာ လုပ်ငန်းဆောင်တာများကို Check လုပ်ပါတယ်။



နေ့လည်စာပြင်တာအပြင်၊ ကူပြီးထမင်းကျွေးတာတွေပါ လုပ်ပါတယ်။

ဂေဟာ မိတ်ဆက်

### Social Welfare Corporation Keiroufukushikai Special Nursing Home for the Elderly Pia

| |
|---|
| လက်ခံလူဦးရေ - 50 ဦး |
| တစ်ဦးတည်းသီးသန့်အခန်း 38ခန်း၊ နှစ်ယောက်အခန်း 2 ခန်း၊ |
| လေးယောက်အခန်း 2ခန်း |
| အသုံးပြုနိုင်မည်။ |
| လူနာ :ပြုစုစောင့်ရှောက်ရန်လိုအပ်သည့်လူနာ အဆင့် 3 ~ အဆင့် 5 |



မေ့လျော့ရောဂါဖြစ်နေသူ၊ မသန်စွမ်းခြင်းကြောင့် နေ့စဉ်ဘဝမှာအခက်အခဲဖြစ်နေသူများကို ပံ့ပိုးကူညီပေးခြင်း၊ ရင်းနှီးနေသားကျနေသော ဂေဟာတွင် အေးဆေးစွာအချိန်ကုန်ဆုံးစေခြင်းဖြင့် တစ်ဦးချင်း သီးသန့်စောင့်ရှောက်မှုကို ဆောင်ရွက်လျက်ရှိပါတယ်။
လူတစ်ဦးချင်းစီအတွက် အံဝင်ခွင်ကျမှုရှိအောင် ပြန်လည်သန်စွမ်းမှုလေ့ကျင့်ရေးနှင့်၊ အားလုံးနှင့်အတူအပန်းဖြေရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေချိုး၊ ထမင်းကျွေးခြင်းနှင့်အခြားသော နေ့စဉ်တွင် ဘဝတွင်လိုအပ်သောအရာများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ဂေဟာ မိတ်ဆက်

### Geriatric Health Services Facility Meigetsuen Tenman Hospital Group

| |
|---|
| လက်ခံလူဦးရေ - 100 ဦး |
| လေးယောက်အခန်း 19ခန်း |
| နှစ်ယောက်အခန်း 12 ခန်း၊ |
| နေ့စဉ်တက်ရောက် ပြန်လည်ထူတောင်ရေးအစီစဉ် (day rehabilitation) လည်းရှိပါတယ်။ |



ကျွမ်းကျင် Kaigo ဝန်ထမ်းများမှ လူနာ၏လိုအပ်ချက်များကို သိရှိနားလည်ကာ ပိုမိုကောင်းမွန်သော အိမ်နေဘဝရရှိနိုင်ရေးအတွက် ကူညီပေးခြင်း၊ အကြံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆရာဝန်၏ လမ်းညွှန်မှုအောက်တွင် လူနာပြန်လည်ထူထောင်နိုင်အောင်ကူညီခြင်း၊ ပြုစုခြင်း သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၊ အိမ်သို့ပြန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တခြားနေ့စဉ်ဘဝအကူအညီများကိုလည်း ပံ့ပိုးပေးလျက်ရှိပါတယ်။

# ကြည့်ရှု၊ စားသောက်၊ ကစား၊ ကခုန်ခြင်း...

# Toku shima မှာဆွဲဆောင်မှု များစွာရှိပါတယ်!

Tokushima မှာလုံးဝသွားလည်စေချင်တဲ့ နာမည်ကြီးနေရာများ၊ ပွဲလမ်းသဘင် များနှင့် ကြည့်ရှုလည်ပတ်လို့ ရတဲ့ရှုခင်းများစွာ ရှိပါတယ်။ မြန်မာသူငယ်ချင်းတွေနဲ့ဖြစ်ဖြစ် လုပ်ဖော်ကိုင်ဖက်တွေနဲ့ဖြစ်ဖြစ် အတူတူ၊ အားလပ်ရက်ကို Tokushima ရဲ့ ဆွဲဆောင်မှုရှိတဲ့အရာတွေထဲမှာ ပျော်ရွှင်စွာဖြတ်သန်းလိုက်ပါ။





## 1 Iyanokazurabashi တံတား

Iyanokazurabashi က Iyakawa မြစ်ကိုဖြတ်ပြီး အရှည် 45 မီတာ နှင့် အကျယ် 2 မီတာ ရှိပြီး Shirakuchikazura လို့ခေါ်တဲ့ အပင်နဲ့ကျစ်လုပ်ထားသော ကြိုးတံတားပဲ ဖြစ်ပါတယ်။



## 2 Awa odori ကပွဲ

Awa Odori က Awa ပြည်နယ်မှစတင်ခဲ့သော Bon odori အကတစ်ခုဖြစ်ပါတယ်။ Kochi ရှိ Yosakoi ပွဲတော်၊ Ehime ရှိ Niihama Taiko ပွဲတော်ဟုခေါ်သော Shikoku ရှိ အဓိက ပွဲတော် သုံးခုဖြစ်ပြီး ဂျပန်နိုင်ငံရှိ အဓိက ကပွဲ သုံးခုထဲမှ တစ်ခု ဖြစ်ပါတယ် ။



## 3 Okawara Kogen ကုန်းပြင်မြင့်

Tokushima ပြည်နယ်၊ Meito ခရိုင်၊ Sanagawachi ရွာ၊ Kami-Ogawara မှာတည်ရှိတဲ့ ကုန်းပြင်မြင့်ဖြစ်ပါတယ်။ အကျယ်အဝန်းမှာ 120 ha. ရှိပါတယ်။ Shikoku eighty-eight viewsမှာ အဆင့် 16 ရှိပြီး ၊ Tokushima ရဲ့ နာမည်ကြီးမြင်ကွင်း 88ခုထဲမှနာမည်ကြီးနေရာတစ်ခုအဖြစ်သတ်မှတ်ထားပါတယ်။



## 4 Awanodochu မြေလွှာတိုင်

လွန်ခဲ့တဲ့နှစ်ပေါင်း ၁ သန်းခန့်က အနည်အနှစ်အလွှာများ အထပ်အထပ်ဖြစ်လာပြီး နှစ်ပေါင်းများစွာ လေမိုးဒဏ်တိုက်စားမှုကြောင့်ဖြစ်လာသော အနုပညာမြောက်တဲ့ မြေလွှာကျောက်တုံးပဲဖြစ်ပါတယ်။ မြေလွှာတိုင်များနှင့် ကန့်လန့်ကာ အနေအထားဖြစ်နေတဲ့အရာတွေက လှပလွန်းလှပြီး အလွန်ထူးခြားတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။



## 5 Naruto ရေဝဲကြီး

Tokushima ပြည်နယ်၊ Naruto မြို့ Hyogo ပြည်နယ် Minamiawaji မြို့ ကြားရှိ Naruto ရေလက်ကြားတွင် ထိုရေဝဲများ ဖြစ်ပေါ်ပါတယ်။ အကြီးဆုံးချိန်တွင် အချင်းမီတာ 30ခန့်ဖြစ်ပေါ်ပြီး၊ ကမ္ဘာပေါ်ရှိအကြီးဆုံးရေဝဲတွေတွေထဲမှ တစ်ခုဖြစ်ပါတယ်။



## 6 Udatsu မြို့ရှုခင်း

Mima-shi, Waki-machi ရှိ "Udatsu" လို့ခေါ်တဲ့ ရှေးခေတ်ဈေးဆိုင်များစီတန်းလျက်ရှိသောနေရာ။ awa ဆိုးဆေးများ ဖြန့်ဖြူးရာနေရာအဖြစ် စည်ကားခဲ့ပြီး၊ နိုင်ငံ၏အရေးပါသော ရိုးရာအဆောက်အအုံများအဖြစ် သတ်မှတ်ထိန်းသိမ်းထားသော နေရာလည်းဖြစ်တယ်။



## 7 Bizan ပန်းခြံ

ချယ်ရီပန်းများနှင့် ညမြင်ကွင်းတွေကြောင့် ကျော်ကြားပြီး၊ Tokushima မြို့ကို ကိုယ်စားပြုတဲ့ ခရီးသွားနေရာတစ်ခုပဲဖြစ်ပါတယ်။



## 8 Oboke Gorge ချောက်ကမ်းပါး

ဖောင်နှင့် ကယပ်လှေစီးဝါသနာရှင်များစွာကို ဆွဲဆောင်နိုင်တဲ့နေရာဖြစ်ပြီး Oboke Gorge အပျော်စီးလှေကြောင့်လည်း ထိုနေရာကို လူသိများပါတယ်။